ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဟိုဂျစ် ကျေးရွာအုပ်စု ၊ လမ်းဆုံ ကျေးရွာ

၂၀၂၀ -၂၀၂၁ ခု ဘဏ္ဍာရေးနှစ်

မာတိကာ

၁။ မယ်စဲ့မြို့နယ်မြေပုံ

၂။ လမ်းဆုံ ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၁)


၁၂။ ကလ္လာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၃။ အစည်းအဝေးမှတ်တမ်းများ

မယ်စဲ့ မြို့နယ်မြေပုံ


မယ်စဲ့မြို့နယ် ကျေးရွာပြမြေပုံ
ရှားတောမြို့နယ်
B P -10
N
E
S
မယ်ပိုင်ချောင်း
B P -11
ဘောလခဲမြို့နယ်
သံလွင်မြစ်
B P -12
ထိုင်းနိုင်ငံ
B P -13
ကျောက်စု
နမ့်ပိန်းလင်
မယ်စဲ့ချောင့်
နမ့်မန်း
မယ်ဆည်နမ်
မွေ့ပါလန်
ဝမ်ကန်
နန်းဟူး
မယ်စဲ့မြို့
ဟိုဂျစ်
ဟိုစဲ့
B P -16
လမ်းဆုံ
ဟိုဖ
လယ်တော
B P -14
B P -15
ရည်ညွှန်းချက်
- မြို့နယ် နယ်နိမိတ်
- မြို့
- ကျေးရွာ
-ကားလမ်း
-မြေသားလမ်း
-မြစ်/ချောင်း

လမ်းဆုံ ကျေးရွာ ပြမြေပုံ



ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ

စဉ်	ကျေးရွာအမည်	အိမ်ထောင်စု အရေအတွက်	လူဦးရေစာရင်း		
			က	မ	ပေါင်း
၁	လမ်းဆုံ	၄၃	၁၁၀	၁၁၃	၂၂၈
၂	လယ်တော	၁၇	၅၁	၄၇	၉၈
၃	ဟိုကျစ်	၆၈	၁၈၀	၁၇၁	၃၅၁
၄	ဟိုဖ	၁၉	၄၈	၄၆	၈၉
၅	တောင်လှ	၂၂	၆၆	၅၁	၁၁၇
	စုစုပေါင်း	**၁၆၉**	**၄၅၅**	**၄၂၈**	**၈၈၃**


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုဂျစ်ကျေးရွာအုပ်စု၊ လမ်းဆုံကျေးရွာသည် ဟိုစဲ့ မှ လယ်တောသို့ သွားလမ်းနံဘေးတွင် တည်ရှိပါသည်။ ဟိုစဲ့မှသွားလျှင် (၁၂ မိုင်) ကွာဝေးပါသည်။ လမ်းဆုံကျေးရွာတွင် အိမ်ခြေ (၄၃) အိမ်ရှိပြီး (၄၃) အိမ်ထောင်စုရှိပါသည်။ လူဦးရေမှာ အမျိုးသား (၁၁၀)ဦး၊ အမျိုးသမီး (၁၁၃)ဦး၊ စုစုပေါင်း (၂၂၈)ဦးရှိကာ၊ အများစုမှာ ကရင်လူမျိုးများဖြစ်ပြီး ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်ကြပါသည်။ လမ်းဆုံကျေးရွာတွင် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်းဖြစ်ကာ စပါး၊ နှမ်း နှင့် ငရုတ် အားစိုက်ပျိုးကြပါသည်။ အချို့မှာ အမဲလိုက်လုပ်ငန်းနှင့် အင်တွဲရှာခြင်း လုပ်ငန်းကိုလည်း အနည်းငယ် လုပ်ကိုင်ကြသည်။

ယင်းကျေးရွာရှိ ပြည်သူများမှာ ၁၉၈၂ခုနှစ်တွင် စစ်ဘေးဒဏ်ကြောင့် ကျေးရွာများပျက်စီးပြီး ဟိုဂျစ်၊ ဟိုဖ နှင့် လယ်တောကျေးရွာများမှ ကျေးရွာသားများစုစည်းပြီး ၂၀၀၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်တွင် လယ်တောကျေးရွာမှ လာရာလမ်းနှင့် ဟိုဂျစ်ကျေးရွာမှ လာရာလမ်း ထိုလမ်း(၂)ခုဆုံရာ လမ်းထိပ်တွင် ရွာသစ်တည်ပြီး လမ်းဆုံကျေးရွာဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ယင်းကာလတွင် အိမ်ခြေ (၂၁)လုံး၊ လူဦးရေ ၁၅၀ခန့်ရှိပြီး ၂၀၀၃ခုနှစ်အထိ ဦးချစ်ဆွေမှ ကျေးရွာခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပါသည်။ ကျန်းမာရေး နှင့် ပညာရေးအတွက် ကိုယ်ထူကိုယ်ထ နှင့် ကလလတ အဖွဲ့အစည်းမှ ကူညီပံ့ပိုးမှုပေးခဲ့ပါသည်။ ၂၀၀၃ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ ဦးနေမျိုးဦးဆောင်သည့် အချိန်တွင် အိမ်ခြေ (၄၂)အိမ် နှင့် လူဦးရေ (၂၀၆)ဦးအထိ တိုးခဲ့ပါသည်။ ထို့နောက် ယင်း ၂၀၁၅ခုနှစ်မှ စပြီး လက်ရှိအချိန်အထိ ဦးမြဝင်းမှ ကျေးရွာဥက္ကဋ္ဌအနေဖြင့် တာဝန်ယူကာ အိမ်ခြေ (၄၃)အိမ် နှင့်လူဦးရေမှာ (၂၂၈) ဦးဖြင့် နေထိုင်လျက်ရှိနေပါသည်။

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပေါင်း	
၁	လူမှုရေးအရင်းအမြစ်ပြမြေပုံ	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိသဘာဝအရင်းအမြစ်များ အား အသုံးချမှုအခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ခြင်း။
၂	ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်းအပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။
၃	ကျား-မရေးရာကဏ္ဍ # ၁ ပိုင်ဆိုင်မှုသုံးသပ်ခြင်း	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝအရင်းအမြစ်များအပေါ် အမျိုးသမီးများနှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း
၄	ကျား-မရေးရာကဏ္ဍ # ၂ (ပင့်ကူအိမ်)	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့်အရေးများအား နှိုင်းယှဉ်ပြီးမှတ်တမ်းတင်ခြင်း။
၅	ရာသီခွင်ပြပြကွဒိန်	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။
၆	အဖွဲ့အစည်းများချိတ်ဆက်မှုပြဝင်းပုံစံ	၂၉.၉.၁၇	အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၂	၁၂	၂၄	ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို သုံးသပ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသော အခြေအနေများကို သိရှိဖော်ထုတ်နိုင်ရန် ဖြစ်ပါသည်။ လမ်းဆုံကျေးရွာတွင် အိမ်ခြေ (၄၃) အိမ်ရှိပြီး အိမ်ထောင်စုမှာ (၄၃) အိမ်ထောင်စု ရှိကာ လူဦးရေ အားဖြင့် (၂၂၈)ဦးခန့် ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်း အနေဖြင့် တောင်ယာနှင့် လယ်လုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ နှမ်း၊ ဖရုံ၊ သခွား နှင့် ငရုတ်သီးကို အဓိကစိုက်ပျိုးကြပါသည်။ အချို့သောမိသားစုများမှာ စီးပွားဖြစ်အတွက် ဖာလာ၊ ကြယ်ပဲ နှင့် ကွမ်းသီးအား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကလေးများ၏ ပညာရေးအတွက် မူလတန်းကျောင်း နှင့် မူကြိုကျောင်း ရှိပါသည်။ သဘာဝ စိမ့်စမ်းရေရေသွယ်မှုစနစ်ကို သုံးကြပြီး မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ သစ်တော အရင်းအမြစ်များနှင့် ဝါးရုံတောများမှာ လွန်ခဲ့သော(၅)နှစ် ထက်စာလျှင် အလွန်နည်းပါးလာသည်။ သဲ အရင်းအမြစ်ကို ချောင်းသဲ မှထုတ်ယူသုံးစွဲကြသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဟိုစဲ့သို့လည်းကောင်း၊ ပန်တိန်းသို့လည်းကောင်း ရွာချင်းဆက်လမ်းများအား ဌာနဆိုင်ရာများမှ ဖောက်လုပ်ပေးခဲ့သော်လည်း လမ်းဘေးရေမြောင်း

စနစ် မကောင်းမွန်သောကြောင့် မိုးရာသီတွင် ပျက်စီးမှုများကာ သွားလာရေး ခက်ခဲမှုရှိနေပါသေးသည်။

ကျေးလက်ကျန်းမာရေးဌာနမရှိသည့်အတွက် ကျေးရွာနေပြည်သူများအနေဖြင့် ကျန်းမာရေးအရေးပေါ်ကိစ္စဖြစ်ပွားခဲ့လျှင် မယ်စဲ့မြို့နှင့် ပန်တိန်း ဆေးရုံများသို့ ကုသမှုခံယူရပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ပန်တိန်းကျန်းမာရေးဌာနမှ ကလေးများ ကာကွယ်ဆေးတိုက်ကျွေးခြင်း နှင့် ကိုယ်ဝန်ဆောင်မိခင်များအား သွားရောက်စစ်ဆေးပေးခြင်းများ၊ CHDN (ကလလတ) အဖွဲ့မှ ကျန်းမာရေးစစ်ဆေးမှုများ နှင့် ဆေးဝါးကုသမှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိနေပါသည်။


ယင်းကျေးရွာတွင် မူလတန်းကျောင်းသာ ရှိသေးသည့်အတွက် အလယ်တန်းနှင့် အထက်တန်းပညာ ဆည်းပူးရန် နီးစပ်ရာ ပန်တိန်း၊ ဟိုစဲ့ နှင့် ဖားဆောင်းအထိ ပို့ပေးရပါသည်။ ကလေးပညာရေး စရိတ်နှင့် ငွေကုန်ကြေးကျများသောကြောင့် ချို့တဲ့မိသားစုများမှာ မိမိတို့ကလေးများအား ပညာရေးဆုံးခန်းတိုင်အောင် ပံ့ပိုးပေးမှုမရှိသည့်အတွက် ကလေးများကျောင်းထွက်ရခြင်း၊ နယ်စပ်ဒုက္ခသည်စခန်းများတွင် မိဘနှင့်ခွဲကာ ပညာသင်ကြားရခြင်းများ ရှိနေပါသည်။

၂၀၀၃ခုနှစ်မှ ၂၀၁၅ခုနှစ် အတွင်း နတလအဖွဲ့မှ သောက်သုံးရေအတွက် ရေတားတမံ နှင့် ပိုက်၊ ရေလှောင်ကန်များအား တည်ဆောက်ပေးခဲ့ပါသည်။ ယင်းရေတားတမံမှာ မိုးတွင်းတွင် ချောင်းရေကြီးခြင်းကြောင့် ရေမလုံသည့်အပြင် လမ်းတံတားစီမံကိန်းကြောင့် ပိုက်များပျက်စီးသွားသည့်အတွက် ၂၀၁၇ ခုနှစ်တွင် ယင်းရေတား တမံအား ကယန်းလူငယ်ကွန်ယက်မှ ပြုပြင်မွမ်းမံကာ တိုးချဲ့ပေးခဲ့ပါသည်။

၂၀၁၅ခုနှစ်-၂၀၁၆ခုနှစ်ဘက္ကာရေးနှစ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ကျောင်းခြံစည်းရိုးအား အုတ်တိုင် သံဆူးကြိုးဖြင့် ထက်ဝက်ကာရံထားပြီး၊ ကျန်သည့်အပိုင်းအား ၂၀၁၆-၂၀၁၇ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ကလေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သော သံဆူးကြိုးအစား၊ သံဇကာအစားထိုးကာ ခြံစည်းရိုးအပြည့် ပြန်လည်မွမ်းမံပေးခဲ့သည်။ ၂၀၁၈ခုနှစ်တွင်လည်း လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာ၏ သာရေး၊ နာရေးနှင့် အစည်းအဝေးများ ကျင်းပပြုလုပ်ရာနေရာများ အဆင်ပြေစေနိုင်ရန်အတွက် ကျေးရွာခန်းမဆောင်အသစ် တစ်ဆောင်ကို တည်ဆောက်ပေးခဲ့သည်။

လူမှုရေးနှင့် အရင်းအမြစ်ပြေမြေပုံ သုံးသပ်ခြင်းအားဖြင့် လမ်းဆုံကျေးရွာသို့ သွားသော လမ်းမှာ လမ်းဘေးရေမြောင်းမကောင်းသောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသော အခြေအနေရှိကြောင်း သိရှိနိုင်ပါသည်။

ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်


ဥစ္စာဓနကြွယ်ဝမှုကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာ၏ စီးပွားရေး အခြေအနေနှင့် လူနေမှု အခြေအနေများကို သိရှိနိုင်မည်ဖြစ်ပါသည်။ လမ်းဆုံ ကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှုပြဇယားအရ ပြေလည်အုပ်စု၊ အသင့်အတင့်အုပ်စု နှင့် မပြေလည်သောအုပ်စု ဟူ၍ အုပ်စုသုံးမျိုး ရှိပါသည်။ ပြေလည်အုပ်စုတွင် ဆိုင်၊ ခြံ ၊ နွား၊ ကျွဲ၊ ကား၊ ဆိုင်ကယ်၊ ပျဉ်ထောင်အိမ်များကို ပိုင်ဆိုင်ကြပြီး အပိုဝင်ငွေ ပိုရှိကာ စီးပွားရေး အခြေအနေအရလည်း ပြေလည်ကြပါသည်။ ရာခိုင်နှုန်းအားဖြင့် ၅% ရှိပြီး အိမ်ခြေ (၂)ရှိပါသည်။ အသင့်အတင့် အုပ်စုတွင် ဝက်၊ ဆိတ်၊ တောင်ယာခြံ၊ ကြက်၊ ဝါးထရံအိမ် (ဖက်မိုး)၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး စားဝတ်နေရေးအတွက် တစ်ရက်လုပ်အားခ ဝင်ငွေကို တစ်ရက်စာသာ သုံးစွဲကြရသည်။ ရာခိုင်နှုန်းအားဖြင့် ၇၄%ရှိကာ အိမ်ခြေအားဖြင့် (၃၂)အိမ် ရှိပါသည်။

မပြေလည်အုပ်စုတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းအဖြစ် ကြက်၊ ဝက်မွေးမြူကြသည်။ နေအိမ်ကို ဝါးထရံကာပြီး ဖက်ကို အမိုးအဖြစ် အသုံးပြုပါသည်။ ကျန်းမာရေး ပြဿနာများ ကြုံလာပါကလည်း ဖြေရှင်းရန် ငွေကြေးလုံလောက်မှု မရှိချေ။ အချို့အိမ်ထောင်စုများမှာ တောင်ယာ မြေများ ပိုင်ဆိုင်မှု မရှိသည့်အပြင် ကလေးဦးရေ အလွန်များပါသည်။ ထို့ကြောင့် မိမိကလေးများအား အထက်တန်းကျောင်းသို့ ပို့ရန် အဆင်မပြေကြပါ။ ရာခိုင်နှုန်းအားဖြင့် ၂၁% ရှိကာ အိမ်ခြေအားဖြင့် (၉)အိမ်ရှိပါသည်။

ဥစ္စာဓန ကြွယ်ဝမှုသုံးသပ်ချက်အရ ကျေးရွာရှိလူထုများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းကို တန်းတူ မရရှိခြင်းနှင့် အရင်းအမြစ်များကို တန်းတူသုံးစွဲခွင့်ရရှိခြင်း စသည့် အခက်အခဲများ ရှိနေကြောင်း တွေ့ရှိရပါသသည်။

မပြေလည်သော မိသားစုများအား ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် အလုပ်အကိုင်များ ဖန်တီပေးနိုင်သော သက်ဆိုင်ရာအဖွဲ့အစည်းများ များများဝင်ရောက်လာပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ဝင်ငွေရ အလုပ်အကိုင်များ ဖန်တီးပေးကာ စိုက်ပျိုးမြေယာများ ပိုင်ဆိုင်မှုရှိလာပါက အသင့်အတင့်အုပ်စုအထိ တိုးတက်လာနိုင်ချေရှိပါသည်။


ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း မြေပုံ



ကျား/မပင့်ကူအိမ်သုံးသပ်ချက်

ပိုင်ဆိုင်မှုသုံးသပ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ အရင်းအမြစ်များကို မည်ကဲ့သို့ သုံးစွဲနေမှုနှင့် ထိန်းချုပ်မှု ဆိုင်ရာ အချက်များကို သိရှိနိုင်ရန် ဖြစ်ပါသည်။ ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများ ထိန်းချုပ်သုံးစွဲသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ ကား၊ ကျွဲ ၊နွား၊ လမ်း၊ ရေ နှင့် တောင်ယာဖြစ်ပြီး အမျိုးသမီးများ ထိန်းချုပ်သုံးစွဲသော အရင်းအမြစ်များမှာ ဆေးဆိုင်၊ အပ်ချုပ်စက်၊ လက်ယက်ကွန်း၊ မွေးမြူရေး ဖြစ်သည်။ အမျိုးသား နှင့် အမျိုးသမီး နှစ်ဦးစလုံး ထိန်းချုပ်သော အရာများမှာ ကျောင်းဖြစ်ပြီး သုံးစွဲသော အရာများမှာ လမ်း၊ တောင်ယာ၊ လယ် နှင့် ရေအရင်းအမြစ် တို့ဖြစ်သည်။ လေးလံသော၊ ပိုပြီးပင်ပန်းသော အရာများကို အမျိုးသားများက အမျိုးသမီးများထက် ပိုမို ဦးစီးဦးဆောင်ရပြီး ထိန်းချုပ်သုံးစွဲကာ အိမ်တွင်ရှိသည့် ပေါ့ပါးသောအလုပ်များကိုသာ အမျိုးသမီးများ ထိန်းချုပ်သုံးစွဲကြပါသည်။ အမျိုးသမီးများအနေဖြင့် ကျေးရွာသည် တောတောင်များ ထူထပ်ခြင်းကြောင့် ဝင်ငွေရသော အလုပ်များကို လုပ်ကိုင်ရန် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။

ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ကျား/မပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ်သုံးသပ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာရှိ အမျိုးသားများနှင့် အမျိုးသမီးများ အကြား ကွာဟနေသော ဦးဆောင်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ပညာရေး၊ ကျန်းမာရေး ဗဟုသုတဆိုင်ရာ အသိအညာများစသော အချက်များကို သိရှိနိုင်ရန် ဖြစ်ပါသည်။ လမ်းဆုံကျေးရွာတွင် ပင့်ကူအိမ်သုံးသပ်ချက်အရ ကျန်းမာရေးကဏ္ဍအရ အမျိုးသမီးနှင့် အမျိုးသား ကွာဟမှုမှာ (၅%)ရှိသည်။ အမျိုးသားများသည် စားဝတ်နေရေးအတွက် ဝင်ငွေရှာခြင်း၊ တောထွက်အလုပ်လုပ်ခြင်းများကြောင့် ကျန်းမာရေးဗဟုသုတ ပေါပြောပွဲ အစည်းအဝေး များတက်ရောက်မှု နည်းပါးကြသည်။ ပညာရေးတွင်လည်း အမျိုးသမီး အမျိုးသား ကွာဟမှုမှာ (၆%)ရှိသည်။ ထိုသို့ ကွာဟရခြင်းမှာ အမျိုးသမီးများသည် ကြမ်းတမ်းသော အလုပ်များ မလုပ်နိုင်၍ စီးပွားရေး အခြေအနေအရ အမျိုးသမီးများကို ပညာရေးဘက်တွင် ဦးစားပေးထားသည်။ ဝင်ငွေကဏ္ဍတွင်လည်း အမျိုးသားအမျိုးသမီး ကွာဟချက် (၃%)ရှိသည်။ ဝင်ငွေရရှိရန် တောင်ယာ နှမ်းစိုက်ခြင်း လုပ်ငန်းကို အမျိုးသမီး ၊ အမျိုးသား အတူတကွ တက်ညီလက်ညီ လုပ်ကိုင်ကြပါသည်။ ပြင်ပလုပ်ငန်းခွင်သို့ ဝင်ငွေရအလုပ်အကိုင်ဖြင့် အမျိုးသားများမှ ဝင်ငွေပိုရနေခြင်းဖြစ်ပါသည်။ လူမှုရေးလုပ်ငန်းများတွင်မူ အမျိုးသားအမျိုးသမီး ကွာဟချက် (၂%)ရှိသည်။ အမျိုးသားများသည် ပြင်ပကိုပိုမိုထွက်၍ အလုပ်လုပ်ကိုင်ကြပြီး လူတွေ့ဆက်ဆံရေးစသော အများနှင့်ဆက်ဆံရသော အလုပ်များကို ပိုမိုလုပ်ကိုင်ကြသည်။ ဆုံးဖြတ်ချက်ချခြင်းတွင်လည်း အမျိုးသားများသည် ပိုမိုပါဝင်ကြသည်။ ဆုံးဖြတ်ချက်ချခြင်းတွင် အမျိုးသမီးများ ပါဝင်ခွင့်ရသော်လည်း ဆုံးဖြတ်ချက်ချခြင်းတွင် အမျိုးသားများ၏ သဘောထားကို ပိုမိုလိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ကြသည်။ အိမ်ထောင်စု တစ်စုအတွင်း ဆုံးဖြတ်ချက်ချခြင်းတွင် အမျိုးသားများ၏ သဘောထားကို ပိုမိုလိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ကြသည်။ အိမ်ထောင်စု တစ်စု၏ ဦးဆောင်မှုအပိုင်းတွင်မူ အမျိုးသားများကို ပိုမို အလေးထားကြပါသည်။ အိမ်မှုကိစ္စများတွင်မူ အမျိုးသမီးများကသာ တာဝန် ယူလုပ်ဆောင်ကြပါသည်။ ပညာရေး ၊ စီးပွားရေး၊ လူမှုရေး၊ ဦးဆောင်မှုများတွင် အမျိုးသမီးများကို ဦးဆောင်ခွင့် တန်းတူ အခွင့်အရေးပေးလျှင် မိသားစုတွင်သော်လည်းကောင်း၊ ရပ်ရေးရွာရပ် ကိစ္စများတွင်လည်းကောင်း တစ်ဘက်တစ်လမ်းမှ ပံ့ပိုးကူညီမှုများရရှိကာ ပိုမိုပြီးဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာမည် ဖြစ်ပါသည်။

အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်ပြမြေပုံ



အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

ဗင်းပုံစံ သုံးသပ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာရှိ အဖွဲ့အစည်းများ၊ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု၊ မည်သည့်အဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်လျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ကြောင်း သိရှိရန်ရည်ရွယ်ပါသည်။ ဗင်းပုံစံ ချိတ်ဆက်မှုပြဇယားအရ လမ်းဆုံကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ကျေးရွာကျန်းမာရေးအဖွဲ့၊ ပက်မြန်မာအဖွဲ့၊ လူငယ်ကွန်ယက်အဖွဲ့၊ Save the Children ၊ KNWO ၊ KSWDC၊ CHDN၊ နှင့် CDD စသောအဖွဲ့များရှိသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင် လူထုနှင့်အချိတ်ဆက်ဆုံး အဖွဲ့ဖြစ်သည်။ ကျန်းမာရေးအဖွဲ့ နှင့်ပညာရေးအဖွဲ့သည်ကျေးရွာလူထုနှင့် ဒုတိယအချိတ်ဆက်ဆုံးဖြစ်သည်။ ဘာသာရေးအဖွဲ့သည်လည်း အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုအား အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလေ့ရှိပါသည်။ ပက်မြန်မာ၊ ကယန်းလူငယ်ကွန်ယက် ၊ Save the Children၊ KNWO ၊ KSWDC အဖွဲ့များသည် အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထုနှင့် ချိတ်ဆက်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းများဖြစ်ပါသည်။

ပြင်ပမှလာသော အဖွဲ့အစည်းများအနေဖြင့် အချင်းချင်းချိတ်ဆက်မှုများ မရှိသော်လည်း မိမိတို့အဖွဲ့အစည်း၏ မူဝါဒများအတိုင်း ရပ်ရွာလူထုနှင့် ပူးပေါင်းကာ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုပေးနေသော အဖွဲ့အစည်းများဖြစ်ပါသည်။ သုံးသပ်ချက်အရ လမ်းဆုံကျေးရွာရှိ

အဖွဲ့အစည်းများသည် အချင်းချင်း ပူးပေါင်းလုပ်ဆောင်မှု ကောင်းမွန်ကြောင်း၊ စည်းလုံးညီညွတ်မှုရှိကြောင်း တွေ့ရှိရပါသည်။

ရာသီခွင်ပြပြကွဒိန် ဇယား



ရာသီခွင်ပြပြကွဒိန်သုံးသပ်ချက်

ရာသီခွင်ပြဇယား သုံးသပ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာရှိလူထုများ၏ ဝင်ငွေ၊ ထွက်ငွေများ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ စိုက်ပျိုးရာသီနှင့် လူထုအား လပ်ချိန်များကို သိရှိရန် ရည်ရွယ်ပါသည်။ လမ်းဆုံကျေးရွာသည် ရာသီခွင်ပြဇယားအရ ရာသီဥတု အနေ အထားမှာ ပုံမှန်ရှိပြီး ဇူလိုင် နှင့်ဩဂုတ်လ တို့တွင် မိုးပို၍များသည်။ မိုးများချိန်တွင် ချောင်းများမှ တောင်ကျချောင်းရေများ အရှိန်အဟုန်ကြောင့် လမ်းဆုံရွာမှ လယ်တောသို့ သွားရာတွင် အခက်အခဲရှိပါသည်။ မိုးရာသီတွင် ကလေးငယ်အများစုမှာ ဝမ်းပျက်၊ ဝမ်းလျော ရောဂါများအဖြစ်များသည်။ ကျန်းမာရေးဆေးပေးခန်း မရှိသဖြင့် ၎င်းတို့ ကျန်းမာရေး အခက်အခဲ


ကြုံသည့်အခါ ပန်တိန်းသို့ သွားရောက် ကုသရသည်။ ဆောင်းရာသီတွင် နာစေး၊ ချောင်းဆိုး၊ ငှက်ဖျား နှင့် တုတ်ကွေး ရောဂါအဖြစ်များသည်။


ပွဲတော်များကို ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲ၊ ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲ နှင့် ဖေဖော်ဝါရီ လတွင် ဆုပေးပွဲကို ကျင်းပ ကြပါသည်။ မိုးရာသီတွင် မြေသားလမ်းမှ ဗွက်ထသဖြင့် သွားလာရေး အလွန်ခက်ခဲ ပါသည်။ ပွဲတော်ရှိသောလများသည် ထွက်ငွေ များသောလဖြစ်သည်။ သြဂုတ်၊ စက်တင်ဘာလ နှမ်းရိတ်သိမ်းပြီး ချိန်တွင် ပြန်လည်ရောင်းချရသောကြောင့် ဝင်ငွေအများဆုံးအချိန်ဖြစ်သည်။ ဝင်ငွေရချိန်တွင် ရိက္ခာများကို လုံလောက်စွာ ဝယ်ယူစုဆောင်းထားကြရသည်။ တောမီးအန္တရာယ်ကြောင့် ဖာလာစိုက်ပျိုးရန် မလွယ်ကူခြင်း နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ သယ်ယူစရိတ်ကြီးမားခြင်းကြောင့် အကျိုးခံစားခွင့်နည်းသော နှမ်းများ စိုက်ပျိုးရန် မလွယ်ကူချေ။ ထိုကြောင့် တောင်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။

မိုးတွင်း ဇွန်လ မှ အောက်တိုဘာလအထိ သွားလာရ ပိုမို ခက်ခဲသည်။ နိဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီတို့တွင် အလုပ်ပိုမို အားလပ်ပြီး ကျန်လများတွင် အလုပ်ပိုမို များပြားသည်။ နွေရာသီတွင် မီးဘေးအန္တရာယ် နှင့် မိုးရာသီတွင် လေ၊ တောင်ကျ ချောင်းရေကြီးခြင်းအန္တရာယ်များ ကြုံရတတ်သည်။

သုံးသပ်ချက်အရ လမ်းဆုံကျေးရွာသည် မိုးရာသီတွင် လမ်းမကောင်းသော အခက်အခဲ၊ သဘာဘေးအန္တရယ်နှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အခက်အခဲများနှင့်ပြဿနာများ







အခက်အခဲ များနှင့် ပြဿနာ သုံးသပ်ချက်

လမ်းဆုံကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များ နှင့် အရေးပေါ် လူနာများအတွက် အချိန်မီဆေးဝါးကုသမှုခံယူရန် ခက်ခဲမှုရှိနေပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ကူးသန်းရောင်းဝယ်ရေးအတွက် သော်လည်းကောင်း၊ ဆေးဝါးများအချိန်မီ ကုသရန် သော်လည်းကောင်း ခက်ခဲနေပါသေးသည်။

စိုက်ပျိုးရေးနည်းပညာမရှိသည့်အတွက် စိုက်ပျိုးသီးနှံများမှ ဝင်ငွေရနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းမရှိသဖြင့် အခြားသော အပိုဝင်ငွေရရှိမှု နည်းပါးခြင်း များကြုံတွေ့နေရပါသည်။ ဖုန်းလိုင်း မရှိသည့်အတွက်လည်း အရေးပေါ် မိသားစုအရေး သော်လည်းကောင်း၊ ရပ်ရေး/ရွာရေး သော်လည်းကောင်း ဆက်သွယ်မှု အဆင်မပြေခြင်းများ၊ မူလတန်းကျောင်းရှိ KG စာသင်ခန်းကျဉ်းမြောင်းသည့်အတွက် ကလေးများ လွတ်လပ်စွာ သင်ယူလေ့လာမှုပြုရန် ခက်ခဲနေခြင်း၊ ကိုယ်ထူကိုယ်ထ မူကြိုကျောင်း ကစားကွင်း ကျဉ်းမြောင်းသည့်အတွက် လွတ်လပ်စွာ ကစားရန် နေရာ မလုံလောက်ခြင်း၊ မူလတန်းကျောင်း ကစားကွင်းမှာလည်း မြေညီညာမှု မရှိသဖြင့် ကလေးများ ကစားရာတွင် အန္တရာယ် ရှိနိုင်ခြင်း ၊ သန့်ရှင်းသော သောက်သုံးရေး မရရှိခြင်း ၊ ရေလုံလောက်မှုမရှိခြင်း နှင့် ရေပိုက်လဲလှယ်ရန် ရန်ပုံငွေမရှိခြင်းစသော အခက်အခဲများလည်း ရှိနေပါသည်။ တစ်နှစ်ထက်တစ်နှစ် ရာသီဥတု ပြောင်းလည်းမှုများကြောင့် စိမ့်ဆန်းရေများ ခမ်းခြောက်လာ သောကြောင့် ကျေးရွာလူထုများသည် ထိုသူတို့၏ လာမည့် နှောင်လာနှောင်သား တို့အတွက်ကို လည်း ၎င်းတို့စိုးရိမ်ပူပင်မှုများနှင့် ကြုံတွေ့နေကြရပါသည်။

ကျေးရွာတွင် ပြည်နယ်ဝန်ကြီးမှ ဆိုလာမီးများပံ့ပိုးမှုပေးထားသော်လည်း ရေရှည် အသုံးပြု ရန် အဆင်မပြေသဖြင့် ကလေးများ စာကျက်ရန်အတွက် သော်ကောင်း၊ မိသားစုများအနေဖြင့် အိမ်မှကိစ္စအတွက် ပို၍ အသုံးတည့်လာရန် လျှပ်စစ်မီး လိုအပ်နေကြောင်း ဖော်ပြကြပါသည်။






မျော်မှန်းချက်

လမ်းဆုံကျေးရွာ လူထုများသည် အဓိက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် အတွက် မျော်မှန်းထားကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ကျန်းမာရေး ၊ လူမှုရေး နှင့် ကလေးများအတွက် ပညာရေးများကို အထောက်အကူပြုလာနိုင်မည်ဟု မျော်မှန်း ထားပါသည်။ကျေးရွာဖွံ့ဖြိုးမှုတွင်လည်း အထောက်အကူဖြစ်မည်ဟု မျော်လင့်ထားပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမို ရရှိလာမည်ဟု မျော်မှန်းကာ စားဝတ်နေရေးသည်လည်း အဆင်ပြေလာနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ဆောင်မှုရရှိပြီး ကျေးရွာနေပြည်သူများ ကျန်းမာရေးကောင်းမွန်လာ စေရန်အတွက် ရည်ရွယ်ကာ ဆေးဝါးလုံလောက်မှုရှိသော ကျေးလက်ဆေးပေးခန်း၊ KG ကလေးများ လွတ်လပ်စွာသင်ယူလေ့လာ၍ရသော စာသင်ခန်း၊ ကျန်းမာသန်စွမ်းသော ကလေးများဖြစ် လာရေး အတွက်မူကြိုကျောင်း ကလေးကစားကွင်း၊ မူလတန်းကျောင်းရှိ ကစားကွင်းအား ကလေးများ အန္တရာယ်ကင်းစွာ ဆော့ကစားနိုင်ရန် မြေနေရာညှိပေးခြင်း၊ အခြေခံမူလတန်းမှ မူလတန်း လွန်အဆင့်တိုးမြှင့်ပေးခြင်း၊ ဆက်သွယ်ရေး ကောင်းမွန်လာစေရန် ဖုန်းလိုင်းများ တပ်ဆင်ပေးခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးများ အမြဲတိုင်းရရှိရန် ၊ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အိမ်တိုင်ရာရောက်ရေရရှိခြင်း နှင့် သဘာဝပတ်ဝန်ကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက် သော အသိပညာပေး ဟောပြောပွဲများအားရရှိနိုင်စေရန် စသဖြင့် မျော်မှန်းထားကြပါသည်။

ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



လမ်းဆုံကျေးရွာ ၌ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ကြရာတွင် (၁) ခန်းမဆောင်ခြံစည်းရိုးနှင့် အိမ်သာ၊ (၂) ကျောင်းဝန်းတံခါးမွန်းမံပြင်ဆင်ခြင်းနှင့် ကျောင်းအိမ်သာ၊ (၃) စာသင်ကျောင်းကစားကွင်း (၄) KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း (၅) ရွာချင်းဆက် ကတ္တရာလမ်းနှင့် (၆) ဆိုင်ကယ်ဝပ်ရှော့၊ အပ်ချုပ် သင်တန်းနှင့် လက်သမား ပန်းရံ သင်တန်းများ ရရှိစေရန် (၇) ထမင်းရုံ မွန်းမံပြင်ဆင်ခြင်း ၊ (၈) ရေပိုက်လိုင်းပြုပြင်ခြင်း အုတ်ရေကန် တည်ဆောက်ခြင်း တို့ကို အဓိက ဦးစားပေး ရွေးချယ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း ရပ်ရေးရွာရေးကိစ္စများ လုံခြုံစွာ ဆွေးနွေးနိုင်ရန်၊ ခြံစည်းရိုးမရှိသောကြောင့် ကျွဲ၊ နွားများ၏ ဖျက်စီးခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ခန်းမဆောင်ခြံစည်းရိုးနှင့် အိမ်သာတည်ဆောက်ခြင်း လုပ်ငန်းအား အမျိုးသား နှင့် အမျိုးသမီးများ အားလုံးမှ မဲပေးစနစ်ဖြင့် ပထမဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ ကျောင်းခြံဝန်း လုံခြုံရေးနှင့် ကလေးများ သန့်ရှင်းရေး အတွက်ကို ရည်ရွယ်ပြီး ကျောင်းဝန်းတံခါးမွန်းမံပြင်ဆင်ခြင်းနှင့် ကျောင်းအိမ်သာလုပ်ငန်း အမျိုးသား နှင့် အမျိုးသမီးများ ဒုတိယဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ ကလေးများ အန္တရာယ်ကင်းစွာ ဆော့ကစားနိုင်ရန် ရည်ရွယ်ပြီး စာသင်ကျောင်းဆောင်ကစားကွင်းအား မြေညှိ၊ မြေဖို့ခြင်း လုပ်ငန်းအား အမျိုးသမီးများမှ တတိယဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ KG ကလေးများ လွတ်လပ်စွာ ပညာသင်ယူလေ့လာနိုင်ရန်အတွက် အမျိုးသားများမှ KG ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း လုပ်ငန်းအား စတုတ္ထဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ ရာသီမရွေး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ကူးသန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် နှင့် အရေးပေါ်လူနာ များအတွက် အချိန်မီ ကုသမှုခံယူနိုင်ရန် ရည်ရွယ်ပြီး ရွာချင်းဆက် ကတ္တရာလမ်းအဖြစ် မြှင့်တင်ခြင်း လုပ်ငန်းအား အမျိုးသားများ နှင့် အမျိုးသမီးများ အားလုံး ပဉ္စမဦးစားပေး အဖြစ် ရွေးချယ် ခဲ့ကြပါသည်။ နောက်ဆုံးသော ဦးစားပေးအနေနှင့် ဆိုင်ကယ်ဝပ်ရှော့၊ အပ်ချုပ် သင်တန်းနှင့် လက်သမား ပန်းရံ သင်တန်းများရရှိခြင်းအား အမျိုးသားနှင့် အမျိုးသမီး များမှ ရွေးချယ် သွားခဲ့ ကြပြီး ထမင်းရုံ မွန်းမံပြင်ဆင်ခြင်းအား အမျိုးသားနှင့် အမျိုးသမီး များမှ ရွေးချယ် သွားခဲ့ကြပါသည်။

ကျေးရွာ (VDP)စီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း/ဓါတ်ပုံ








ကော်မတီများစာရင်း

စဉ်	အမည်	ရာထူး(ကျေးရွာအဆင့်)	ရာထူး(အုပ်စုအဆင့်)
၁	ဦးကွယ်ထူး	ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ	အုပ်စုစီထောက် ဥက္ကဋ္ဌ
၂	ဒေါ်မူးနေဖော	ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ	အုပ်စုစီထောက်အဖွဲ့ဝင်
၃	ဒေါ်ဂျက်စမင်းရှိုင်း	ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ	အုပ်စုစီထောက်ဥက္ကဋ္ဌ
၄	ဦးနေစိုး	ကျေးရွာစီထောက်ကော်မတီ-ဥက္ကဋ္ဌ	
၅	ဦးစတီဗင်	ငွေစာရင်းကိုင်	
၆	ဦးဖားကေး	ငွေစာရင်းကိုင်	
၇	ဒေါ်လားဘွယ်မှူး	ဝယ်ယူရေးဆပ်ကော်မတီ	
၈	ဦးမောင်ရဲ	ဝယ်ယူရေးဆပ်ကော်မတီ	
၉	ဒေါ်နော်ဆဲနေဖေါ	စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ	
၁၀	ဦးမော်ဟဲ	စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ	
၁၁	ဦးယာကို	လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ	
၁၂	ဒေါ်နော်ကနဲစေး	လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ	
၁၃	ဒေါ်မာရီးယာ	ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ	
၁၄	ဒေါ်ဖောလေး	ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ	
၁၅	ဒေါ်ကနဲထူး	စေတနာ့ဝန်ထမ်း	
၁၆	ဒေါ်နော်ကဲဘလုဖော	စေတနာ့ဝန်ထမ်း	

ကော်မတီများစာရင်း

စဉ်	အမည်	ရာထူး(ကျေးရွာအဆင့်)	ရာထူး(အုပ်စုအဆင့်)
၁	ဦးစိုးမင်းလတ်	စီမံကိန်း ဥက္ကဋ္ဌ	
၂	ဦးဖလားဝါး	အတွင်းရေးမှူး	
၃	ဒေါ်မခင်	ဘဏ္ဍာရေးမှူး	
၄	ဒေါ်နော်စီဖော	စာရင်းကိုင်	
၅	ဦးမြင့်အောင်	ဝယ်ယူရေးဆပ်ကော်မတီ (ဥက္ကဋ္ဌ)	
၆	ဦးကျော်ထူး	အဖွဲ့ဝင်	
၇	ဒေါ်နော်ထူးဖော်	အဖွဲ့ဝင်	
၈	ဦးဟင်နရီ	မှတ်တမ်းပြုစုသူ (စေတနာ့ဝန်ထမ်း)	
၉	ဦးမောရစ်	မှတ်တမ်းပြုစုသူ (စေတနာ့ဝန်ထမ်း)	

စ ၁ - ကျေးရွာအခြေခံအချက်အလက်များ



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်များ။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်တဲဝသို့ Tablets မှတဆင့် ပြည့်သွင်းရမည်။

ကျေးရွာခေါင်းဖွဆောင် အမည်	ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်	လူထုစည်းရုံးရေးမှူး၏ အမည်
ဦးချစ်ဦ		အိုဇနေသာဝေ
မြည်နယ်၊တိုင်းဒေသကြီးအစား မြို့နယ် မယ်ခ	ကျေးရွာအုပ်စု ဟိုရွာစု	ကျေးရွာ လမ်းဘဲ

က။ လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁) ဆရာခြ	၃၈	ဘာသာ (၁) ခရစ်ယာန်	၃၈
လူမျိုးစု (၂) -ဆရာဒြ	၂	ဘာသာ (၂) ဗုဒ္ဓ	၂
လူမျိုးစု (၃) အကယာန်း	၃	ဘာသာ (၃) အခရစ်ယာန်	၃
လူမျိုးစုရော ----------		ဘာသာရော ----------	
အခြား			
	အရေအတွက်		
မသန်စွမ်းသူများ	၅	ခရစ်ယာန်	
သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်)	၀	-	
စစ်ဘေးရှောင်	၅	-	

	အမျိုးသား (အရေအတွက်)	အမျိုးသမီး (အရေအတွက်)
လူဦးရေ		
လူမျိုးစု (၁)-ဆရာခြ	၁၀၄	၁၀၅
လူမျိုးစု (၂)-ဆရာဒြ-၁	၆	၈
လူမျိုးစု (၃)----------		
အခြား		
အိမ်ထောင်စုစီး	၄၀	၃

(စ) အခြေခံအဆောက်အဦ အသုံးအဆောင်များ


စာသင်ကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေး အဆောက်အအုံများ	အမှတ်ခြစ်ပါ
မူကြိုကျောင်း	☑	တိုက်နယ်ဆေးရုံ	☐	စေတီ	☐
မူလတန်းကျောင်း	☑	ကျန်းမာရေးဌာန	☐	ဘုန်းကြီးကျောင်း	☐
မူပွန်ကျောင်း	☐	ကျန်းမာရေးဌာနခွဲ	☐	ဟိန္ဒူဘုရားကျောင်း	☐
အလယ်တန်းကျောင်း	☐	ဆေးပေးခန်း	☐	ခရစ်ယာန်ကျောင်း	☑
လယ်ပွန်ကျောင်း	☐	အခြား	☐	ဗလီ	☐
အထက်တန်းကျောင်း	☐			အခြား	☐
အခြား	☐				
မှတ်ချက်		မှတ်ချက်		မှတ်ချက်	

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

(၁) စာသင်ကျောင်း			(၂) ကျန်းမာရေး			(၃) လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	☐	☑	ဆရာဝန်	☐	☐	လက်သမား	☐	☐
အထက်တန်းပြဆရာ/မ	☐	☐	လက်ထောက် ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☐	☐
အလယ်တန်းပြဆရာ/မ	☐	☐	အမျိုးသမီးကျန်းမာရေး ဆရာမ	☐	☐	လျှပ်စစ်ကျွမ်းကျင်၊ မီးသမား	☐	☐
မူကြိုဆရာ/မ	☑	☐	သားဖွားဆရာမ	☐	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား	☑	☐	စက်ပြင်ဆရာ	☐	☐
မှတ်ချက်			မှတ်ချက် ဆရာဝန်၊ ဆရာမ၂၊ မျှစ် ထဝ၊ ဒြ၅			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား _____



(ဂ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

(၁) လူထုပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(ဃ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးဝေးမည်မျှကွာဝေးသနည်း? ဝေး/မဝေးပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြေကျင်သွေ့ရာသီတွင်ကြာချိန် ၀း၄၅

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြင်္သေ့လျှင်/လား/မော်တော်ဘုတ်/

အခြား ----------

မိုးရာသီတွင်ကြာချိန် ၁း၀၀

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြင်္သေ့လျှင်/လား/မော်တော်ဘုတ်/

အခြား ----------

(ဆ) ပတ်ဝန်းကျင်ထိခိုက်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေမုန်တိုင်းတိုက်ခတ်ခဲ့

(ဇ) ကျေးရွာတွင် ဖွံ့ဖြိုးထားသော အဖွဲ့အစည်းများ

လူထုပဟိုပြုစီမံကိန်းတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရေသိုက်ကြီးကျေးရွာ ဝိ

(၂) ရေတုပဟိုပြုရေကန်အဖွဲ့

(ဈ) အတွေတွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အတွေတွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် မိုးချောဦး

လက်မှတ် နေ့ ၂၆.၉.၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် မိုးနေစံလွင်

လက်မှတ် နေ့စွဲ ၂၆.၉.၂၀၁၈

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ရွှေနေကဇွတ်ဖစ်


နေ့စွဲ ၂၆ . ၉ . ၁၈

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄)

မြို့နယ်/တိုင်း ကယား၊ မြို့နယ် မယ်စဲ့ ကျေးရွာအုပ်စု ဟိုက္ခဖြစ် ကျေးရွာ လပက်ဆဲ့

စီမံကိန်းဆောင်ရွက်မှုအဆင့်များ	နေ့စွဲ		အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်					
	စတင်သည့်နေ့	ပြီးဆုံးသည့်နေ့	အမျိုးသားအရေအတွက်	အမျိုးသမီးအရေအတွက်	အိမ်ထောင်စုအရေအတွက်	လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည်	အိမ်ထောင်စုပေါင်း	အိမ်ထောင်စု %
၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး	၂၆.၉.၁၈	၂၆.၉.၁၈	၁၂	၁၂	၂၄	၂၄ ကရင်	၄၃	
၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး	၂၆.၉.၁၈	၂၆.၉.၁၈	၁၁	၁၂	၂၃	၂၃ ကရင်	၄၃	
၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး	၁၇.၁၀.၁၈	၁၇.၁၀.၁၈	၁၀	၇	၁၇	၁၇ ကရင်	၃၅	
၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး	၃၆.၁၁.၁၈	၃၆.၁၁.၁၈	မလို	မလို	မလို	မလို		
၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြံဉာဏ်ကြားသည့် အစည်းအဝေး								

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျော်မှန်းချက်အညွှန်းဆေး ပြီးဆုံးသောအခါ ကျေးရွာဝိပဲ့ကိန်း အထောက်အကူပြု ကော်ဇော်ဒေသ လူထုရည်မှန်းရေးမူအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုရည်မှန်းရေးမူ/ဝန်ထမ်း အမည် - ဦး ဝေဘာသောင်း ၊ ဦး သန့်ဦး

နေ့စွဲ - ၁၂-၂-၂၀၁၇ | ကော်ဇော်အား အမှတ်ခြစ်ပါ (√)၊ ကော်ဇော်း(၁) ○ ကော်ဇော်း(၂) ○ ကော်ဇော်း(၃) ○ ကော်ဇော်း(၄)


ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ပဒိုကွဲခဲ့ | ကျေးရွာ ပဒိုဆူ


က။ အကော်အဝဲအတားအဆီးများအားဖွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အကော်အဝဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအကော်အဝဲ ၅ ခုစီဖော်ပြပါ)

	အမျိုးသား အခွံမှ တင်ပြသောအကော်အဝဲအတားအဆီးများ		အမျိုးသမီး အခွံမှတင်ပြသောအကော်အဝဲအတားအဆီးများ
၁	ကျန်းမာရေး နှင့်ပတ်သက်ပြီး ဘွယ်ဝေဒုက္ခ	၁	ဒီကိုဝ်ဒေါက်ရှည်နှင့် ပတ်သက်ပြီး ဆေးရုံ ဆေးခန်း
၂	ထောင်းနှင့် သေားပေး ခန်းမှီသည့်ဒေသကိုခဲ့	၂	ရေသောက်လာ ပြစ်ဖောက်ခြင်း သို့ တင်းသွား
၃	ရိုက်ပျို့ ရေ ဒုက္ခ ပဒုသောကြီ သင်္ခြိုဆာ	၃	ကျန်းမာရေး ဘဝဘေးရောင် ကလေး မွေး
	ထက်ဆုံးရေး ခက်ခဲခြင်း	၄	ဖွားမြင်ခြင်း သို့ သွားလာ ခဲလွယ်
၄	ကျေးရွာရေဖွံ့ဖြိုးတိုးတက်ရေးကို ရေသောက်ဝဲ့ ရေကြီးလာသောကြောင့်	၅	ရေသောက်ဝဲ့ ရေကြီးလာသောကြောင့် ဖြစ်ခြင်
၅	ရိုးရာဓလေ့ထုံးစံ ဓလေ့ဆိုးများ	၆	ကလေး မွေး ခြင်းသည် သို့ မဟုတ် ဖြစ်ခြင်းသည်
	ထက်ဆုံးရေး ခက်ခဲ		
၆	ကျောင်းဆိုင်သည့် ကိုဗစ် ကာလကပေး		
	များစားသုံးကြရမည့် ဘက်ဒါ ပြဿနာ		

ခ။ မျော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျော်မှန်းလျာထားရွက်များအား တင်ပြပါ။

	ဦးဆောင်အခွံမှ တင်ပြသောမျော်မှန်းရွက်များ		အမျိုးသမီးအခွံမှ တင်ပြသောမျော်မှန်းရွက်များ
	ရေသောက်ဝဲ့ရေ ကူးစက်ရောဂါကင်းရှင်းခြင်း	၁	ဆေးပညာ ဆေးသွယ်ဝင် ဆေးရုံ ဆေးခန်း
၂	ဆေးရုံကုသမှုခန်း ဆေးကိရိယာဖွင့်ခြင်း ဝန်ထမ်းများခြင်	၂	ကျန်းမာရေး ဝန်ထမ်း နှင့်ဆေးရုံ
၃	ဆောက်လုပ်ရေး ပြုပြင်ရေး လုပ်ငန်းများ	၃	ရေသုံးရေသောက်ရေဝဲ့ ရေတွင်းကြီး ရေကြီးများ
၄	ဟောင်းနွမ်းနေသော ကျောင်းအဆောက်အဦးများ	၄	ကလေးငယ်ဖြစ်ခြင်း ကိုဗစ် ကာလကပေး
၅	ကျောင်းသားများ ကျောင်းဆက်တက်နိုင်ရေး	၅	ဆေးပါးကိုင်ဆောင်ရသော ပါဒါဆရာများ ကျောင်း
	ကျွန်ုပ်		ဆရာ ဝန်ထမ်းများ





ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်- အဆင့်(၃) ကျေးရွာမျော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည်


နေ့စွဲ ၂၀၉.၇၇	စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)
ပြည်နယ်/တိုင်း ကယား	ပြီနယ် မဟဲဒဲ့ ကျေးရွာအုပ်စု ကိုကွဲခ ကျေးရွာ

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ		အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ	
၁	ကောက်ပဲသီးနှံစိုက်ပျိုးရာတွင် ရေရှားပါးခြင်း	၁	ရေရှားပါးခြင်း/ရေကန်ကြီးများမရှိခြင်း
၂	ရေသုံးစွဲမှုအတွက် ရေတွင်းများ ရေကန်များ မရှိခြင်း	၂	လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ မိုးရာသီတွင် ကားသွားလာရခက်ခဲခြင်း
၃	မြေဩဇာဓာတ်မြေဆီလွှာ ကုန်ဆုံးခြင်း	၃	
၄	မူလရှိ တောတန်းများ ကွင်းပြင်များ ပြောင်းလဲသွားခြင်း	၄	ကလေးကျောင်းသားများ ကျောင်းပညာရေးအတွက် အားပေးမှုနည်းခြင်း
	ကလေးသူငယ်များ ကျောင်းတက်ရောက်မှုနည်းခြင်း	၅	ရေရှားပါးခြင်း/ရေကန်ကြီးများမရှိခြင်း
၅	ရေတွင်းရေ ရေကန်ရေများ ရေရှားပါးခြင်း		
၆	ကျေးရွာမှ ဆေးရုံသို့ သွားလာရန် ခက်ခဲခြင်း	၆	ကလေးသူငယ်များအတွက် အကျိုးပြုလုပ်ငန်းများ ရှိခြင်းမရှိခြင်း
	ကလေးခေါင်ကြီးရောဂါ ဖြစ်ပွားခြင်း	၇	ကျန်းမာရေးဝန်ထမ်းများ ရှားပါးခြင်း
၇	မတော်တဆ မီးလောင်မှုများ ဖြစ်ပွားခြင်း	၈	
၈	ကားကစား ပျော်ပွဲရွှင်ပွဲများ မရှိခြင်း	၉	ကျေးရွာတွင် ကစားကွင်းများ မရှိခြင်း
၉	ကလေးသူငယ်များ ဆိုင်ကယ်မောင်းခြင်း		

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ		အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ	
၁	လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်	၁	ရေရှားပါးခြင်း ကျန်းမာရေးဝန်ထမ်းများ ရှားပါးခြင်း
၂	ရေသုံးစွဲမှုအတွက် ရေတွင်းများ ရေကန်များ ရရှိလာစေရန်	၂	ရေသုံးစွဲမှုအတွက် ရေတွင်းများ ရေကန်များ ရရှိလာစေရန်
၃	ကလေးသူငယ်များ ကျောင်းတက်ရောက်မှုများလာစေရန်	၃	
၄	ရေရှားပါးခြင်း ကျန်းမာရေးဝန်ထမ်းများ ရှားပါးခြင်း	၄	
	ရေရှားပါးခြင်း ကျန်းမာရေးဝန်ထမ်းများ ရှားပါးခြင်း	၅	
၅	ရေရှားပါးခြင်း ကျန်းမာရေးဝန်ထမ်းများ ရှားပါးခြင်း	၆	
၆		၇	ကလေးသူငယ်များအတွက် အကျိုးပြုလုပ်ငန်းများ ရှိခြင်းမရှိခြင်း
၇		၈	
၈	ကျေးရွာတွင် ကစားကွင်းများ ရှိလာစေရန်	၉	
၉		၁၀	
၁၀	ကျန်းမာရေးဝန်ထမ်းများ ရှိလာစေရန်		



ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။


အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	ခန့်မှန်းကုန်ကျ စရိတ်	အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက်
၁				
၂				
၃				
၄				
၅				
၆				

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး)	အခန်းကဏ္ဍ
၁			
၂			
၃			
၄			
၅			
၆			
၇			
၈			

ဆောင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ---------- လက်မှတ် ---------- နေ့စွဲ ----------



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်(၃)ဦးကျေးရွာမျှော်မှန်းချက်အစည်းအဝေးကျင်းပသောအခါ ကျေးရွာစီမံကိန်း ဆောင်ရွက်ရန်အတွက် လူထုဦးစီးဆွေးနွေးတင်ပြခြင်း ကျင်ပွဲစဉ်ကိုပြည်ပဲ့အောင် ပြည့်ဝသွားရပါသည်။


လူထုဦးစီးဆွေးနွေးပွဲကျင်းပသည့် အရပ် - ရွာဦးကျောင်းဆောင်

နေ့စွဲ - ၂၆.၄.၂၀၁၈	စက်ဝန်းကား အမှတ်ခြင်း - ✓ □ စက်ဝန်း(၀) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)


ပြည်နယ်/တိုင်းဒေသကြီး - ကယား	ခရိုင် - ဖရူဆော့	ကျေးရွာအုပ်စု - ဟိုက်ဂျုံ	ကျေးရွာ - လမ်းဆို

တား အလင်အခဲအတားအဆီးများအား ထွေးခွန်းခြင်း - ယခုလက်ရှိအခြေအနေတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအလင်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း (အများသား/သဝီး အနည်းဆုံးအလင်အခဲ ၅ ခုဖော်ပြပါ)

အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအလင်အခဲအတားအဆီးများ	
သေးငယ်ရင် မြို့ကျပ် ကျန်းမာရေး တုံ့ဆောင်ရွက် ပေးခြင်းမရှိခြင်း -	□ ကျား □မ အကျား+ ၀
အလုပ်အကိုင်အခွင့်အလမ်း ခေါ်ယူ မှု ထား ထက်ရှုံးရေး ခက်ခဲခြင်း -	□ ကျား □မ အကျား+ ၀
ဦးဆောင်ပြီး ရေးဆွဲသည်းပညာ ခေါ်ယူ ဘီးဒုံ အထွက်မတိုးခြင်း -	အကျား □မ □ ကျား+ ၀
ယူကြိုက်ကမ်း မှုန်း ကဆေးဘွဲ့ မရှိယူ ကားယားနှာကာ ပွဲ့ကြိုး မှ ဖွင့်ဒွန်းခြင်း -	□ ကျား □မ အကျား+ ၀
KG ကလေးမွေး အခန်းကျဉ်းယူ သင်ကြား မှု အသစ် ပ ဖြစ်ခြင်း -	အကျား □မ □ ကျား+ ၀
ပျဉ်းတိုင်ခေါ်ယူ ဆက်သွယ်ရေး ခက်ခဲခြင်း -	□ ကျား □မ အကျား+ ၀
အဘက်ဆွေ ၀မ် ကြောင်း ယုဘမတက်ယူ ဝင်ရွေ့ဒုဉ်း ပါး ခြင်း -	အကျား □မ □ ကျား+ ၀
ရွေ့လျားဖို့ရာ အောက်သင်းရာ မှုန်း စမ် ဖြောက်လာခြင်း ကြောင့် ချဲ့ထွင်ပေးက်ရှုယူ ခြင်း - ၊ ရုတ်ချာတမ်းတင်ပါ ၁၄ ပါ အဂ်ခြင်း ၊ ကျေးရွာ ကျောင်းအုပ်ကြီး အဆိုပြုတင်ပြခြင်း ၊	အကျား □မ □ ကျား+ ၀
အိုးမဆောင်းဒေသခံများ ဖို့ ဒွန် အိမ်ဘာခေါ်ယူ အဆုံး အထင်ကျန်ရာတွင် အသစ်ဖော်ပြခြင်း -	□ ကျား □မ အကျား+ ၀
ကလေး ပျို့ ဆက်သွယ်ရေး စကောင်းယူ သွား လာရေး ခက်ခဲခြင်း -	□ ကျား □မ □ ကျား+ ၀
ကျေးရွာ ကမ္ဘာ ကျန်း ကြော် မရှိယူ ကားလုပ်ကွက်တွင် အသစ်ပ ဖြစ်ခြင်း -	□ ကျား □မ □ ကျား+ ၀
အုပ်ချုပ်ရေးမှုး ခေါ်ယူ ကားယားမှုး အလုပ်ကိုင်တွင် ဆက်ခဲခြင်း -	(ပ)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




ပေး လုပ်သုံးမံကိန်းဖြစ် လာမည့် (၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အထိုက်သင့် (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး)	အခန်းကဏ္ဍ
၁	အင်္ဂါဆူးပင်ကတ် ဘုရားတည်ရန်ဖြစ်ပါသည်။	ကျွန်း	အသက်မွေးဝမ်းကျောင်း
၂	လယ်ဘုရား၊ တံတိုင်း၊ ရေဘုရားတည်ရန်ဖြစ်ပါသည်။	ကျွန်း	အသက်မွေးဝမ်းကျောင်း
၃	ကျုံး၊ ကာလဝါတိုးတည်ဘုရားဆောက်ရန်ဖြစ်ပါသည်။	ကျွန်း၊ မ	အာနာ
၄	ခိုက်ဖို့ချ၊ ဘုရားတည်ရန်ဖြစ်ပါသည်။	ကျွန်း	အသက်မွေးဝမ်း ကျောင်း
၅	အိုင်းကုသိုလ် ဝပ်ရောဘုရားတည်ရန်ဖြစ်ပါသည်။	ကျွန်း	အသက်မွေးဝမ်းကျောင်း

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှအတည်ပြုသည်။

အမည် ဒေါ်ကျော်ထားဖိုး လက်မှတ် နေ့စွဲ ၃၀.၄.၁၈

၁။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၁)



အစည်းအဝေးမှတ်တမ်း

ခေါင်းစဉ်	ပထမအကြိမ်အစည်းအဝေး
ကျင်းပရာ/အုပ်စု၊ မြို့နယ်	လမ်းဆုံ၊ ဟိုက်ဖြစ်၊ မယ်စဲ
အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ	၂၆.၉.၂၀၁၁ ၊ နံနက် (၁၀) နာရီမှ (၁၂) နာရီ၊ လမ်းဆုံကျေးရွာ ခရိုးမဆေဝင်ဒေါ
စီမံကိန်းအမည်၊ မြို့နယ်	လူထုဇဝိုဏ်ပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲမြို့နယ်၊ ကယားပြည်နယ်
စုစုပေါင်းကုန်ကျငွေ	
ဦးဆောင်သူ	ဦးရေကျော်ဇော၊ ရာထူး CF/TF/Committee

တက်ရောက်သူဦးရေ (Participants)


စဉ်	ကျား	မ	စုစုပေါင်း	လူမျိုး
၀	၁၂	၁၂	၂၄	ဆရာဖြ
၂				

ရည်ရွယ်ချက် (Purpose)

① လူထုဇဝိုဏ်ပြုစီမံခန့်ခွဲမှုအကြောင်း၊ ရေနှုတ်လူထုမှတ်ပုံတင်၊ လယ်ယာမြေ အစာအာဟာရလုပ်ငန်းစဉ်များ

② စောင့်ကြပ်ဆောင်ရွက်ရန် ရွေးချယ်ခြင်း၊

③ လူမှုဆက်ဆံရေးစီစဉ်ခြင်း၊


အစည်းအဝေး အစီအစဉ် (Agenda)

① ရပ်ရွာယာယီရေး ဒု။ ပ အမှုဝိ, အမှာစကား ပြောခြင်း,


② စီမံကိန်း တိုထမ်းများ မှတ်တမ်းတင်ခြင်း.

③ စီမံကိန်း အကြောင်း, အိတ် ဆက်ခြင်း,

④ ရပ်ရွာယာယီ များ ပြန်, လုပ်, ခြင်း,


⑤ ဆေးရုံ, တိုထမ်း ရွေးချယ်ခြင်း.

⑥ ဝေယျာဝစ္စကိုပါဝင် သောလူမှုဆက်: စစ်ခြင်း: များ, ပြောကြားခြင်း,



ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

#	ဆွေးနွေးချက်များ	ဆုံးဖြတ်ချက်များ
	- ကိုယ်ထဖော်: မျက:, မှမြိတ်အကဲခတ်ခြင်း: လက်ထောက်ဥပဒေပညာအရှိ:, မှ ကျယ်ပြန့်စွာမဟုတ်ပေါ်စိမ်းကိုနံ:အ ကြောင်း, ဟုတ်:, လား: ခြင်း: - ဆုံး:ပုံ:ရေး:ဒုက္ခ:, မှ ကာကွယ် အာသာဖြစ်: စကား:ပြော်: ခြင်း: - စိတ်ကိုင်း:ကျလန်း, အကောင်းအထည် ထော်ခြင်း:, ထာရေးဒုက္ခ:ဝန်ထမ်း: ဖျက်: ကို ပြောခြင်း: ကျက်: ။ မရေး: ကုအကြောင်း: အွေ့:ဆွေးခြင်း: ကျက်:, မရေး:ကုန်: ပါတ်သက်ပြီး: အာတွေ့ပုပ်လဲ	
ဘွာ-	အဆို: သဘို: တွေက စိတ်ကိုင်: လုပ်ငန်း: တွေမှာ ပင်:ရုံးပုပ်ကွဲ တယ်, လုပ်အား:ခေတည်:တန်:တူပါ တယ်	
TF	ဆရာ်အကြံ:ပြုက်တိုင်ကြား:ရေး: အကြောင်း: ပြောခြင်း:	
ဘွမ	ကျေး:ဇူး အကြဝင်း, လည်:, ဝတ် ထိန်:သိမ်း: ရေး:ဂုပ်ဒဏ်ရာရှိ ခန့်: မဆောင်ရွက် ပွဲတစ်ခုဖြစ်ပွဲ ဂိုပ်ပြင် ကောက်ခံရရှိအကြောင်းပေ:	
ဘွမ	ခန့်:မဆောင်ရွက်သည့်:တဲ့ ထိုင်ခိုင်းတွေ အာ KSYN အလှူတဲ့ အတွေ့ကြုံအလှူ ငွေကောက်ခံတယ် ပဲဖျော်ဖြေ ရုံ ပြခြင်း ငါ့ ခန့်:မဆောင်ရွက် သောကြေ့ ဆုပ်ချုပ်ရေး: ခရီး: ရိပေး:ထား:ခဲ့ခြင်း	




CF

မှတ်တမ်းရေးသူ။
လက်မှတ်။
အမည်။
ရာထူး။

စီစစ်သူ။
လက်မှတ်။
အမည်။
ရာထူး။ CF

အတည်ပြုသူ။
လက်မှတ်။
အမည်။
ရာထူး။

မှတ်ချက်။ ။ (PC -11) အစည်းအဝေးတက်ရောက်သူများစာရင်း ပူးတွဲတင်ပြရန်။



အစည်းအဝေးမှတ်တမ်း

ခေါင်းစဉ်	ဦးကိုမ အရက်ဖြတ်အစည်းအဝေး
ကျေးရွာ/အုပ်စု၊ မြို့နယ်	လက်ံးဆိုင်၊ ပင်လုံစု၊ မဟေစိ.
အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ	၂၆.၉.၁၈. ရုံးအုပ်ကြီး ၁း၀၀ ၊ အိုးမဆော ဖ.
စီမံကိန်းအမည်၊ မြို့နယ်	လူထုဝတ်ပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စွဲမြို့နယ်၊ ကယားပြည်နယ်
စုစုပေါင်းကုန်ကျငွေ	
ဦးဆောင်သူ	ဦး ဇေမောင်ညွှန် ရေး၊ ရာထူး CF/TF/Committee


တက်ရောက်သူဦးရေ (Participants)

စဉ်	ကျား	မ	စုစုပေါင်း	လူမျိုး
၀	၁၁.	၀၂	၂၃	ကရင်
၂				

ရည်ရွယ်ချက် (Purpose)


① ကျေးရွာ ဦးဆောင်ပေး၊ ဈေးဘို၊ မျက်၊ အွေး ချယ်ဦးဇင်ဘို

② ကျေးရွာမှ မြို/ထောက်ကော် ဖေတီ အွေး ချယ် ဖွ၊ ထည်း၊ ဘို


အစည်းအဝေး အစီအစဉ် (Agenda)


① ကျေးရွာဈေးထဲ ဖြစ်ပေါ်နေသော ပြဿနာများအား ဦးစီးဝေး၍ ဆွေးနွေးခြင်း

② ကျေးရွာ ဈေးထဲ ရှိ ကော်ဇော်တို့ မျက်နှာ ဆွေးနွေးခြင်း




ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

#	ဆွေးနွေးချက်များ	ဆုံးဖြတ်ချက်များ
	PRA tools များ ဖြစ်သော လုပ်ဒီ များအား ပြုလုပ်ခြင်း ၊ ရေးရာ အခန်းအနားအလှများ ဖော်ပြခြင်း ၊ (များ + ဖ) များ ဦးစားပေးရမည်ကို (များ + ဖ) များ ရှိ ဖော်ထုတ်ခဲ့ ပြီး အစီယန်စ် စာရင်း အတွက် အောက်ပါ ဦးစားပေး ရမည့်ကို များ ရှိခြင်း စသည်ဖြင့်	
	အုပ်ဖွဲ့ဝင်များ .	
	① အုပ်ဖဆောင်ခြင်းစည်း ရုံးပုံစံ အဖြစ်သော (၂)ချက်တွဲ	
	② ရွှေဝိုင်း တံဆိပ် ဖြည့်စွက်ခြင်း ရွှေဝိုင်းအဖြစ်သော (၂)ချက်တွဲ	
	③ အသစ် ရွှေဝိုင်း အားစစ်းဆေးခြင်း	
	④ ရွှေဝိုင်း ဆောင်သယ်ပို့ဆောင်ခြင်း (KG)	
	⑤ ဘဏ္ဍာငွေ အတွက် စာရွက်စာတမ်း	
	⑥ ဆုံးဖြတ်ချက်များ ၊ အပ်ချုပ်သတ်မှတ်ချက်များ ၊ လက်ခံသူများ သတ်မှတ်ချက်များ	
	⑦ ယာယီရုံးသတ်မှတ်ချက်	



၁၂။ ကလ္လာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



ကလ္လာအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား

လဖ်းဆိုစျေးရွာ

ကလ္လာ	ဦးစားပေးအဆင့်	လုပ်ငန်းအမျိုးအစား	အဆိုပြုသူ(အမှန်ခြစ်ရန်)			ခုနှစ်	ထောက်ပံ့မည့်အဖွဲ့အစည်း(သို့)ဌာန	မှတ်ချက်
			က	ခ	ဂ+ခ			
အခြေခံအဆောက်အအုံဆိုင်ရာ (လမ်း/တံတား/ရေရှိရေး/မီးလင်းရေး)	၁	ခန်းမဆောင်ခြစ်ချည်းရှိရုံ အိမ်ဟောင်း			✓	-	-	
	၂	ကျေးရွာဘုရားဆက် ကတ္တရာလမ်း			✓	-	-	
	၃							
	၄							
လူမှုစီးပွားဆိုင်ရာ (ပညာရေး/ကျန်းမာရေးနှင့် ဆိုင်သောအဆောက်အအုံများနှင့် အခြားလိုအပ်ချက်များ)	၁	ကျောင်းဝန်းတံခါး ဖွင့်ပိတ်မခြင်းဆောင်ခြင်း၊ ကျောင်းအိမ်နှစ်ခန်း ပျက်စီးယိုယွင်းဆောက်ခြင်း			✓	-	-	
	၂	ကျောင်းဆောင်သစ်တွဲဆောက်ခြင်း (၂၊၄)	✓			-	-	
	၃	အာသင်ကျောင်း ကားကားကွင်း		✓		-	-	
	၄							
လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခက်အခဲများ (မိုးရေးရာသီ ဝင်းနှင့် ခြံစည်းရိုးခတ်ခြင်း)	၁	အိုးကျောက်ထက်ရာသီ ရေသွင်းတံတားဆောက်ခြင်း			✓	-	-	
	၂							
	၃							
	၄							
လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခက်အခဲများ (ဓာတ်မြေဩဇာ/ပိုးသတ်ဆေး/ မျိုးစေ့ဆိုင်ရာ အခက်အခဲများနှင့် ဒေသခံ လိုအပ်ချက်များ)	၁							
	၂							
	၃							
	၄				✓			
အခြား (ဘာသာရေးဆိုင်ရာလုပ်ငန်းများ နိုင်ငြိမ်းနှင့် ဒေသတောင်းဆိုထည့်သွင်းစဉ်းစားသင့်သော လုပ်ငန်းများ)	၁	ထမင်းရုံ မွှန်းခံခြင်းဆောင်ခြင်း						
	၂							
	၃							
	၄							